# ၁၈ ရာစုအတွင်းမြန်မာဘာသာစကား
# ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာပုံ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မနီနီအုန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် အေဒီ ၁၇၀၀ မှ ၁၈၀၀ အထိ (မြန်မာနှစ် ၁၀၆၂ မှ ၁၁၆၂ အထိ) အနှစ် တစ်ရာကာလအတွင်း မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်လာပုံကို လေ့လာတင်ပြသော ကျမ်းဖြစ်ပါသည်။ ၁၈ ရာစုသည် မြန်မာနိုင်ငံ၏ ညောင်ရမ်းခေတ်နှောင်းနှင့် ကုန်းဘောင်ခေတ်ဦး ကာလဖြစ်သည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ နှစ်ပေါင်း ၈၀၀ မျှ ကာလအတွင်းတွင် မြန်မာဘာသာစကားသည် ခေတ်နှင့်အတူ အဆင့်ဆင့် ပြောင်းလဲဖွံ့ဖြိုးတိုးတက် လာခဲ့ပါသည်။ ဘာသာစကားပြောင်းလဲမှု တစ်နည်းဖွံ့ဖြိုးတိုးတက်လာမှုကို လေ့လာတင်ပြခြင်းသည် ဤကျမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်ဖြစ်ရာ ၁၈ ရာစု မြန်မာဘာသာစကား၏ စကားသံစနစ်၊ စကားလုံးဖွဲ့ ပုံစနစ်၊ ပုဒ်ဖွဲ့ပုံစနစ်၊ ဝါကျဖွဲ့ပုံစနစ် အနက်အဓိပ္ပာယ်စနစ်တို့ကို ဘာသာဗေဒ၊ အတ္ထဗေဒ အမြင်တို့ဖြင့် စိစစ်လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ စကားသံစနစ် လေ့လာချက်တွင် ဗျည်းသရ၊ တက်ကျသံတို့ကိုလည်းကောင်း၊ စကားလုံးဖွဲ့ပုံစနစ်တွင် မြန်မာစကားရှိ စကားရိုး၊ စကားရော၊ စကားပေါင်း တို့ကိုလည်းကောင်း၊ ပုဒ်ဖွဲ့ပုံစနစ် လေ့လာချက်တွင် မြန်မာစကားရှိ နာမ်ပုဒ်နှင့် ကြိယာပုဒ်တို့ကိုလည်းကောင်း၊ ဝါကျဖွဲ့ပုံစနစ် လေ့လာချက်တွင် မြန်မာစကားရှိ ဝါကျရိုးနှင့် ဝါကျရောတို့ကိုလည်းကောင်း၊ အနက်အဓိပ္ပာယ်စနစ်လေ့လာချက်တွင် ဥပစာတင်စားခြင်း၊ အနက်အဓိပ္ပာယ်ဖွဲ့ယှက်ခြင်းနှင့် ဘာသာခြားစကားလုံးများ မွေးစားခြင်းတို့ကိုလည်းကောင်း ဖော်ထုတ်ရာတွင် ကျောက်စာ၊ ပေစာနှင့် စာပေအထောက်အထားများဖြင့် တင်ပြထားပါသည်။ ဤသို့လေ့လာခြင်းဖြင့် ဤကျမ်းနှင့် ဤကျမ်းမတိုင်မီက ပြုစုခဲ့ကြသော ရာစုအလိုက် ပိုင်းကန့်လေ့လာသည့် သုတေသနကျမ်းများ ချိတ်ဆက်မိကာ မြန်မာဘာသာစကား သမိုင်းတစ်စောင် ပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါသည်။